# မသန်စွမ်းသူများ အကျုံးဝင်မှုဆိုင်ရာ အချက်အလက် ကောက်ယူရေးနည်းလမ်းများ ရေးဆွဲခြင်း (လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုကဏ္ဍ)

| ရည်ရွယ်ချက် | လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်သူများနှင့် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များအနေဖြင့် အချက်အလက် ကောက်ယူရေးနည်းလမ်းများတွင် မသန်စွမ်းသူများ အကျုံးဝင်လာစေရန်နှင့် ပိုမိုကောင်းမွန်လာစေရန်အတွက် ခိုင်မာပြီးလက်တွေ့ကျသော လမ်းညွှန်ချက်များ ပံ့ပိုးပေးရန် ဖြစ်ပါသည်။ |
|---|---|

## အချက်အလက်များကို အဘယ့်ကြောင့်လိုအပ်သနည်း...

အားလုံးပါဝင်နိုင်သော အချက်အလက်ကောက်ယူရေး ပုံစံများပြင်ဆင်ခြင်းဖြင့် -မသန်စွမ်းသူများကို ရှာဖွေဖော်ထုတ်နိုင်ခြင်း၊ ဘေးအန္တရာယ်နှင့် အကျပ်အတည်းကာလအတွင်း ၎င်းတို့၏ လိုအပ်ချက်နှင့် အတွေ့အကြုံများကို နားလည်နိုင်ခြင်း၊ ပါဝင်မှုကို သေချာစေခြင်း၊ ဝန်ဆောင်မှုများ ရယူရာတွင် ကြုံတွေ့ရသည့် အတားအဆီးများနှင့် အခွင့်အလမ်းများကို ဆန်းစစ်နိုင်ခြင်း၊ တုံ့ပြန်ဆောင်ရွက်နိုင်မည့် စွမ်းဆောင်ရည်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်နိုင်မည် ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက - "လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများတွင် မသန်စွမ်းသူများ ပါဝင်မှုဆိုင်ရာ IASC လမ်းညွှန်ချက်များ၊ အခန်း (၄) - ဒေတာနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှု" ကို ဖော်ပြပါ QR Code အား နှိပ်ပြီး ဖတ်ရှုလေ့လာနိုင် ပါသည်။

IASC

## အချက်အလက်များကို မည်ကဲ့သို့ကောက်ယူသင့်သနည်း...

အချက်အလက်များကို ကောက်ယူသည့် ပုံစံနှင့် ဆန်းစစ်မှုပုံစံများသည် အသုံးပြုမည့် ရည်ရွယ်ချက်ပေါ်တွင် မူတည်ပါသည်။ အထောက်အကူဖြစ်စေရန် IOM DTM ၏ "လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းစဉ်များတွင် မသန်စွမ်းမှုကဏ္ဍ ပေါင်းစပ်ခြင်းအတွက် အချက်အလက်ကောက်ခံမှု - ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ လမ်းညွှန်မြေပုံ (Decision Tree) ကို အသုံးပြုပါ။ ဖော်ပြပါ QR Code အား နှိပ်ပြီး ဖတ်ရှုလေ့လာနိုင်ပါသည်။

IOM DTM

## လူတိုင်းအကျုံးဝင်ပါဝင်သော အချက်အလက်ကောက်ယူမှုပုံစံ ဖြစ်စေရန်...

### အခြေခံစည်းမျဉ်းများအနေဖြင့် သင်သည် အောက်ပါတို့ကို ဆောင်ရွက်သင့်သည် -

- ✅ အချက်အလက်ကောက်ယူရေး နည်းလမ်းများကို သတ်မှတ်ရာတွင် မသန်စွမ်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပါ။
- ✅ ကျား/မ ကွဲပြားမှု၊ အသက်အရွယ် (ကလေး၊ လူငယ်၊ လူကြီး၊ အသက်အရွယ်ကြီးရင့်သူ)၊ မသန်စွမ်းမှုအမျိုးအစားများ (အမြင်၊ ကိုယ်အင်္ဂါ၊ အပြော/ အကြား၊ ဉာဏ်ရည်၊ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ မသန်စွမ်းမှုများ) အားလုံးကို ထည့်သွင်းစဉ်းစားပါ။

## ထပ်ဆောင်းအကြံပြုချက် (၄) ချက်နှင့် ဥပမာများ -

### ၁။ အချက်အလက်ကောက်ခံရေး နည်းလမ်းတိုင်းတွင် အသက်၊ အရွယ်၊ ကျား/မ နှင့် မသန်စွမ်းမှုအမျိုးအစား အလိုက် အချက်အလက်များကို ခွဲခြားပြုစုပါ။

အနည်းဆုံးလိုအပ်ချက်မှာ အသက် (၅)နှစ်နှင့်အထက်ရှိသူများအတွက် မေးခွန်း (၆) ခုပါဝင်သော ဝါရှင်တန်အုပ်စု မေးခွန်းပုံစံကို အသုံးပြုရန်ဖြစ်သည်။ တစ်ဦးချင်းစီအတွက်သာမက အိမ်ထောင်စုများအတွက်ပါ အသုံးပြုနိုင်သည်။

ဤသို့ အချက်အလက်များကို ခွဲခြားပြုစုခြင်းဖြင့် လူဦးရေအတွင်းရှိ မသန်စွမ်းသူအရေအတွက်ကိုသာမက၊ မတူညီသော မသန်စွမ်းမှုအမျိုးအစား၊ အသက်အရွယ်နှင့် ကျား/မ အုပ်စုများအလိုက် ကြုံတွေ့ရနိုင်သည့် ဘေးအန္တရာယ်ပုံစံများ၊ ဦးစားပေး လိုအပ်ချက်များနှင့် ဝန်ဆောင်မှုရရှိနိုင်မှု အခြေအနေများကိုပါ ဖော်ထုတ်သိရှိနိုင်မည်ဖြစ်သည်။ ဖော်ပြပါ QR Code အား နှိပ်ပြီး ဖတ်ရှုလေ့လာနိုင်ပါသည်။

### ၂။ ရုတ်တရက်ဖြစ်ပွားသော အရေးပေါ်အခြေအနေများတွင် သဘာဝဘေး နှင့် ကြုံတွေ့နေရသော လူဦးရေအတွင်းရှိ မသန်စွမ်းသူအများစုကို လျင်မြန်စွာ ဖော်ထုတ်နိုင်မည့် မေးခွန်းများကို ထည့်သွင်းပါ။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများတွင် မသန်စွမ်းသူများ၏ လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ရေး ပုံစံ သည်မေးခွန်း (၃) ခုပါဝင်သော နည်းလမ်းတစ်ခုဖြစ်သည်။ ၎င်းကို ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်များအပြီး အခြေအနေအရပ်ရပ်ကို အလျင်အမြန် ဆန်းစစ်လေ့လာရာတွင် မသန်စွမ်းသူများအတွက် ပိုမိုကောင်းမွန်ပြီး လက်တွေ့ကျသောပုံစံဖြင့် ကောက်ခံရန် ပြင်ဆင်ထားခြင်းဖြစ်ပါသည်။
ဖော်ပြပါ QR Code အား နှိပ်ပြီး ဖတ်ရှုလေ့လာနိုင်ပါသည်။

- သင့် [လူမှုပတ်ဝန်းကျင် / အိမ်ထောင်စု] ထဲတွင် နိစ္စဓူဝလုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရန်အတွက် အခြားသူတစ်ဦးဦးအပေါ် မှီခိုအားထားနေရသူ ရှိပါသလား? [ ရှိပါက၊ မှီခိုရသည့် လူဦးရေ မည်မျှရှိပါသနည်း?]
- သင့် [လူမှုပတ်ဝန်းကျင် / အိမ်ထောင်စု] နိစ္စဓူဝလုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရန်အတွက် အထောက်အကူပြုပစ္စည်းများ (ဥပမာ - မျက်မမြင်လမ်းလျှောက်တုတ်၊ ဘီးတပ်ကုလားထိုင်၊ နားကြားကိရိယာ) ကို အသုံးပြုနေရသူ ရှိပါသလား? [ ရှိပါက၊ လူဦးရေ မည်မျှရှိပါသနည်း?]
- သင့် [လူမှုပတ်ဝန်းကျင် / အိမ်ထောင်စု] ထဲတွင် [အရေးပေါ်အကူအညီ သို့မဟုတ် ကယ်ဆယ်ရေးပစ္စည်းများ ရယူနိုင်ရန်အတွက်] သတင်းအချက်အလက်များကို လက်သင်္ကေတပြဘာသာစကား ၊ ဖတ်ရှုရလွယ်အောင် စာလုံးကြီးကြီး (သို့မဟုတ်) အခြားပုံစံမျိုးဖြင့် ဖတ်ရှုရန် လိုအပ်နေသူ ရှိပါသလား? [ ရှိပါက၊ လူဦးရေမည်မျှရှိပါသနည်း?]

### ၃။ လိုအပ်ချက်များ ဆန်းစစ်ခြင်းများ ပြုလုပ်ရာတွင် မသန်စွမ်းသူများ၏ သီးခြားလိုအပ်ချက်နှင့် ဘေးအန္တရာယ်များကို သိရှိနိုင်ရန် ထပ်ဆောင်းမေးခွန်းများ ထည့်သွင်းပါ။

ဆောင်ရွက်နေသည့် ကဏ္ဍနှင့် ဆန်းစစ်လေ့လာမှု၏ ရည်ရွယ်ချက်အပေါ် မူတည်၍ အောက်ပါမေးခွန်းများကို နမူနာအဖြစ် အသုံးပြုနိုင်ပါသည် -

- သင့်လူမှုပတ်ဝန်းကျင်ရှိ မသန်စွမ်းသူများသည် ခွဲခြားဆက်ဆံခံရမှု (သို့မဟုတ်) ရည်ရွယ်ချက်ရှိရှိ အကြမ်းဖက်ခံရမှုပုံစံများ ကြုံတွေ့နေရပါသလား?။
- လက်ရှိတွင် မသန်စွမ်းသူများအတွက် မည်သည့် သတင်းအချက်အလက် ဖြန့်ဝေမှုပုံစံက ပိုမိုအဆင်ပြေစေနိုင်မည်နည်း။ (ဥပမာ - အသံဖိုင်၊ မျက်မမြင်လက်စမ်းစာ၊ ဗီဒီယို၊ ဖတ်ရလွယ်ကူသော ပုံစံများ/ ပိုစတာများ၊ ရေဒီယို၊ အိမ်တိုင်ရာရောက် ကွင်းဆင်းခြင်း စသည်ဖြင့်)

- မသန်စွမ်းသူများအတွက် လိုအပ်သောဝန်ဆောင်မှုများ (ဥပမာ - အထောက်အကူပြုပစ္စည်းများ ရရှိနိုင်မှု)ကို သင့်လူမှုပါတ်ဝန်းကျင်တွင် ရရှိနိုင်ပါသလား။
- သဘာဝဘေးနှင့် ကြုံတွေ့နေရသော ပြည်သူများအကြား မသန်စွမ်းသူများအပေါ် ထားရှိသည့် ထင်မြင်ယူဆချက်နှင့် ပြုမူဆက်ဆံမှု ပုံစံများ မည်သို့ရှိပါသလဲ။ ထိခိုက်နာကျင်စေနိုင်သော အယူအဆများနှင့် အလေ့အထများ ရှိနေပါသလား။
- သင့်အိမ်ထောင်စုထဲတွင် ကလေး (သို့မဟုတ်) လူကြီးသုံး ဒိုက်ပါ(Diaper - တစ်ကိုယ်ရည်သုံး ပစ္စည်း)ကဲ့သို့ ဆီး/ဝမ်း မထိန်းနိုင်သူများအတွက် အသုံးအဆောင်ပစ္စည်းများ လိုအပ်သူ ရှိပါသလား။
- မသန်စွမ်းသူများ (သို့မဟုတ်) သင့်အတွက် မည်သည့်အခြေခံဝန်ဆောင်မှုများ (ဥပမာ - ကျန်းမာရေး၊ ပညာရေး) ကို လက်လှမ်းမီရယူရန် ခက်ခဲပါသလား။
- ကျန်းမာရေးနှင့်ညီညွတ်ပြီး အလွယ်တကူ ရရှိနိုင်သောအစားအစာများကို လိုအပ်ပါသလား။ ထိုအစားအစာများကို လက်ရှိတွင် သင ရရှိနိုင်ပါသလား။
- ကျောင်း၊ စာသင်ခန်းများတွင် ပါဝင်တက်ရောက်နိုင်ရန်အတွက် ပြုပြင်ပြောင်းလဲထားသည့် သင်ထောက်ကူပစ္စည်းများ (ဥပမာ - မျက်မမြင်လက်စမ်းစာ သို့မဟုတ် ဖတ်ရှုရလွယ်ကူသော ပုံစံများ) လိုအပ်ပါသလား။

## ၄။ မသန်စွမ်းသူများ ဝန်ဆောင်မှုရယူရာတွင် ကြုံတွေ့ရသော အတားအဆီးများနှင့် စပ်လျဉ်း၍ ၄င်းတို့ ကိုယ်တိုင် တွေ့ကြုံရသော အတွေ့အကြုံများကို ရွေးချယ်နိုင်သည့်မေးခွန်းများ ပြင်ဆင်ပေးပါ။

ဥပမာအားဖြင့် "အကူအညီများရယူရာတွင် မည်သည့်အတားအဆီးများ ကြုံတွေ့ရပါသလဲ"ဟု မေးမြန်းနိုင်ပြီး အောက်ပါအချက်များကို အဖြေရွေးချယ်စရာများအဖြစ် ထည့်သွင်းနိုင်သည် -

- သတင်းအချက်အလက်များကို မသန်စွမ်းသူများ လက်လှမ်းမီ ရယူနိုင်မှု မရှိခြင်း။ (ပုံစံအမျိုးမျိုး/ နည်းလမ်းအမျိုးမျိုးဖြင့် ဖြန့်ဝေမှုမရှိခြင်း)
- ဝေဖန်အကြံပြု တုံ့ပြန်ရေးစနစ်များကို အသုံးပြုနိုင်ရန် ခက်ခဲခြင်း။
- အဆောက်အဦ (သို့မဟုတ်) ပစ္စည်းဖြန့်ဝေသည့်နေရာများသို့ သွားလာရန် အခက်အခဲများရှိခြင်း (အဆောက်အဦအတွင်း ဝင်ထွက်သွားလာရန် ခက်ခဲခြင်း၊ သယ်ယူပို့ဆောင်ရေး အဆင်မပြေခြင်း၊ ဝေးလံခြင်း စသည်ဖြင့်)
- ဝန်ဆောင်မှုများသည် မသန်စွမ်းသူများ၏ လိုအပ်ချက်နှင့် ကိုက်ညီမှုမရှိခြင်း သို့မဟုတ် အဆင်ပြေစေရန် ပြုပြင်ဆောင်ရွက်ပေးထားမှုမရှိခြင်း။
- ထောက်ပံ့ပေးထားသော ပစ္စည်းများသည် မသန်စွမ်းအမျိုးအစားအလိုက် လိုအပ်ချက်နှင့် ကိုက်ညီမှုမရှိခြင်း။ (ဥပမာ - လစဉ်သုံးပစ္စည်း အသုံးပြုရခက်ခြင်း၊ အစာမျိုရခက်သူများအတွက် အစားအစာ အဆင်မပြေခြင်း၊ လူကြီးသုံး ဒိုင်ပါ (Diapers)များ မရရှိခြင်း)
- ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဝန်ဆောင်မှုများ (ဥပမာ - အရိုး၊ အကြော လေ့ကျင့်ကုသခြင်း၊ ခြေတုလက်တုဆိုင်ရာ ဝန်ဆောင်မှုများ စသည်) နှင့် အထောက်အကူပြုပစ္စည်းများ (ဘီးတပ်ကုလားထိုင်၊ ချိုင်းထောက် ၊နားကြားကိရိယာ၊ ခြေတုလက်တု၊ စသည်ဖြင့်) ရယူရန်ခက်ခဲခြင်း။
- တုံ့ပြန်ဆောင်ရွက်မှု အစီအစဉ်များ ရေးဆွဲရာတွင် မသန်စွမ်းအဖွဲ့အစည်းများအပါအဝင် ကဏ္ဍအသီးသီးမှ ကိုယ်စားလှယ်များ ပါဝင်မှုမရှိခြင်း။
- တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဆရာ/ ဆရာမများတွင် မသန်စွမ်းမှုဆိုင်ရာ ဗဟုသုတမရှိခြင်း။
- မသန်စွမ်းသူများကို စနစ်တကျပံ့ပိုးပေးနိုင်ရန် တတ်ကျွမ်းနားလည်အောင် သင်ကြားထားမှု မရှိခြင်း။

- အကူအညီပေးရေးဝန်ထမ်းများ၏ လွဲမှားသော အပြုအမူများ (သို့မဟုတ်) လူမျိုး၊ ကိုးကွယ်သည့် ဘာသာ၊ ဘာသာစကား၊ မသန်စွမ်းမှု၊ အသက်အရွယ် (သို့မဟုတ်) ကျား/မဆိုင်ရာ ခွဲခြားဆက်ဆံမှုတို့ကြောင့် ဝန်ဆောင်မှု ရယူခွင့် ငြင်းပယ်ခံရခြင်း။
- လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကုန်ကျစရိတ် မြင့်မားလွန်းခြင်း။

ဥပမာအားဖြင့် အကူအညီပေးနေသည့် ကဏ္ဍနှင့် ရည်ရွယ်ချက်များအပေါ် မူတည်၍ "အကူအညီများရယူရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရန် မည်သည့်အချက်များက အထောက်အကူပြုနိုင်ပါသလဲ။" ဟု မေးမြန်းနိုင်ပြီး အဖြေရွေးချယ်စရာများတွင် အောက်ပါတို့ကို ထည့်သွင်းနိုင်သည် -

- သတင်းအချက်အလက်များကို မသန်စွမ်းမှုအမျိုးအစားအလိုက် ကိုက်ညီမည့် ပုံစံအမျိုးမျိုး၊ နည်းလမ်းအမျိုးမျိုးဖြင့် ပံ့ပိုးပေးခြင်း။
- ကျောင်း၊ ကျန်းမာရေးဌာနနှင့် ဘေးကင်းလုံခြုံရာနေရာများ၏ အဆောက်အဦများကို မသန်စွမ်းသူများ ဝင်ထွက်သွားလာရ လွယ်ကူအောင် ပြုပြင်ခြင်း။
- မသန်စွမ်းသူများအပါအဝင် လူတိုင်း လွယ်ကူစွာ သွားလာနိုင်သည့် နေရာများတွင် ဝန်ဆောင်မှုပေးခြင်း။
- ဝန်ဆောင်မှုပေးသည့်နေရာကို သွားလာရန် ပိုမိုလွယ်ကူသော နေရာတွင် စီစဉ်ပေးခြင်း။
- မသန်စွမ်းသူများအတွက် ဘေးကင်းပြီး အသုံးပြုရအဆင်ပြေသည့် သယ်ယူပို့ဆောင်ရေး စီစဉ်ပေးခြင်း။
- အိမ်တိုင်ရာရောက် သွားရောက်ကြည့်ရှုခြင်း (သို့မဟုတ်)ကွင်းဆင်း ဝန်ဆောင်မှုများပေးခြင်း။
- မိသားစု၊ လူမှုအသိုင်းအဝိုင်းနှင့် ဝန်ထမ်းများကို မသန်စွမ်းသူများ၏ လိုအပ်ချက်နှင့် အခွင့်အရေးများအကြောင်း အသိပညာပေးခြင်း။
- လိုအပ်ချက်နှင့် ကိုက်ညီအောင် ဝန်ဆောင်မှုများကို ပြုပြင်ပြောင်းလဲပေးခြင်း (သို့မဟုတ်) သင့်တော်လျောက်ပတ်သော အစီအစဉ်များ စီစဉ်ပေးခြင်း။
- ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေး ဝန်ဆောင်မှုများနှင့် အထောက်အကူပြုပစ္စည်းများ ရရှိနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း။
- မသန်စွမ်းသူများ ပါဝင်လာစေရေးအတွက် ဝန်ထမ်းများ၊ ဝန်ဆောင်မှုပေးသူများနှင့် ဆရာ/ ဆရာမများကို သင်တန်းများပေးခြင်း။

  ရှိနေသော အတားအဆီးများကို ရှာဖွေဖော်ထုတ် ဖယ်ရှားပေးခြင်း။

## အခြားလေ့လာရန် အကိုးအကားများ


CBM Global. (n.d.). Monitoring [CBM HHoT card]. Retrieved [Month, Day, Year]

Humanitarian Disability Needs Estimation & Screening Tool (HD-NEST). (2ssal Institute for Global Health, University of Melbourne / Elrha.

## အခြားလေ့လာရန် အကိုးအကားများ


Humanity & Inclusion. (2019). Disability Data in Humanitarian Action: Project overview, The Washington Group Questions in humanitarian settings. Silver Spring, MD: HI.

Inter-Agency Standing Committee. (2019). IASC Guidelines on the Inclusion of Persons with Disabilities in Humanitarian Action. Geneva: IASC.

International Organization for Migration (DTM). (2020). Collection of data on disability inclusion in humanitarian action: Decision tree [Tool]. Geneva: IOM.